**၂၀၂၁ခုနှစ်၊ ဇွန်လ (၂၆) ရက် (စနေနေ့)**
**ဂျပန်ရောက်မြန်မာလူမျိုးများအတွက်နေထိုင်ခွင့်ဆိုင်ရာ**
**သတင်းအချက်အလက်ထုတ်ပြန်နှီးနှောဖလှယ်ပွဲ**

# Foreign Residents Support Center (FRESC)
# ဂျပန်ရောက်မြန်မာနိုင်ငံသားများအတွက်
# အရေးပေါ်ကယ်ဆယ်ရေးစီမံချက်နှင့်စပ်လျဉ်း၍


လူဝင်မှုကြီးကြပ်ရေးအေဂျင်စီ ၊ နေထိုင်မှုစီမံခန့်ခွဲရေးထောက်ပံ့မှုဌာန၊
နေထိုင်မှုထောက်ပံ့ရေးဌာနခွဲ၊ ဌာနမှူး
နိုင်ငံခြားသားများနေထိုင်မှုထောက်ပံ့ရေးစင်တာ၊ စင်တာမှူး

တ ဘိ ရ ခိုး ဂျိ

Tabira Kouji

# မာတိကာ


၁။ နိုင်ငံခြားသားများနေထိုင်မှုထောက်ပံ့ရေးစင်တာ (FRESC)နှင့်
စပ်လျဉ်း၍ စာမျက်နှာ .... ၂

၂။ ဂျပန်ရောက် မြန်မာနိုင်ငံသားများအတွက်အရေးပေါ်ကယ်ဆယ်ရေးစီမံချက်နှင့်
စပ်လျဉ်း၍ စာမျက်နှာ..... ၆

# ၁။ နိုင်ငံခြားသားများနေထိုင်မှုထောက်ပံ့ရေးစင်တာ (FRESC) နှင့်စပ်လျဉ်း၍

# နိုင်ငံခြားသားများနေထိုင်မှုထောက်ပံ့ရေးစင်တာ
# Foreign Residents Support Center

## (လမ်းပြအညွှန်း၊ တည်နေရာအညွှန်း)

**Phone Number** 代表電話番号（でんわ） **0570-011000**（ナビダイヤル）


**Opening hours** 開庁時間（あいているじかん）

9:00～17:00 ※土・日・祝・年末年始は休庁

一部のIP電話及び海外からはこちら **03-5363-3013**

**Address** 住所（ばしょ）

〒160-0004 東京都新宿区四谷一丁目6番1号 四谷タワー13F







**Access** アクセス（あくせす）

| ○JR中央線・総武線 | ○東京メトロ丸ノ内線 | ○東京メトロ南北線 |
| --- | --- | --- |
| 四ツ谷駅：徒歩1分 | 四ツ谷駅：徒歩 3分 | 四ツ谷駅：徒歩1分 |

# နိုင်ငံခြားသားများနေထိုင်မှုထောက်ပံ့ရေးစင်တာ(FRESC)နှင့်စပ်လျဉ်း၍

外国人在留支援センター
FRESC

- **၂၀၂၀ခုနှစ်၊ ဇူလိုင် ၆ ရက်(တနင်္လာနေ့)တွင် နိုင်ငံခြားသားများနေထိုင်မှုထောက်ပံ့ရေးစင်တာ (FRESC) ကိုဖွင့်လှစ်ခဲ့ပါသည်။**

## FRESC၏ ဖွဲ့စည်းပုံ (၁)

○ **လူဝင်မှုကြီးကြပ်ရေးအေဂျင်စီ (နေထိုင်မှုစီမံခန့်ခွဲရေးဌာန၊ တင်ပြတောင်းဆိုခြင်းဆိုင်ရာကောင်တာ)**

- နေထိုင်မှုစီမံခန့်ခွဲရေးဌာနသည်ဒေသန္တရအများပြည်သူဆိုင်ရာအဖွဲ့အစည်းများက ဖွင့်လှစ်ထားသော နိုင်ငံခြားသားများအတွက် ဗဟိုဆွေးနွေးမှု ဆိုင်ရာကောင်တာအား ပြင်ဆင်ထားရှိခြင်း နှင့်စီမံခန့်ခွဲခြင်းများကိုအထောက်အပံ့ပေးခြင်း၊ ဒေသန္တရ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများ၏ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေး ခြင်းနှင့် ဂျပန်နိုင်ငံတွင်နေထိုင်လျက်ရှိသော နိုင်ငံခြားသားများအား သတင်း အချက်အလက်များ ထုတ်ပြန်ပေးခြင်းအစရှိသည်တို့ကို ဆောင်ရွက်လျက် ရှိပါသည်။
- တင်ပြတောင်းဆိုခြင်းဆိုင်ရာကောင်တာသည် လူဝင်မှုကြီးကြပ်ရေးအေဂျင်စီ (ရုံးချုပ်) က ပိုင်ဆိုင်သည့် အုပ်ချုပ်ရေးဆိုင်ရာ စာရွက်စာတမ်းများအပြင်၊ ပြည်ဝင်၊ ပြည်ထွက် (နေရပ်နိုင်ငံပြန်ခြင်း) မှတ်တမ်းနှင့် နိုင်ငံခြားသားမှတ်ပုံတင် မှုရင်းကတ်များ တင်ပြတောင်းဆိုခြင်းတို့ကို လက်ခံဆောင်ရွက်ပေးလျက် ရှိပါသည်။

○ **တိုကျိုတရားရေးဌာန လူ့အခွင့်အရေးကာကွယ်မှုဌာနခွဲ**

နိုင်ငံခြားသားများနှင့်မသန်စွမ်းသူများကိုခွဲခြားဆက်ဆံခြင်း၊ အနိုင်ကျင့်ခြင်းနှင့်နှိပ်စက်ညှဉ်းပန်းခြင်းစသည့်အမျိုးမျိုးသော လူ့အခွင့် အရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်ပင်ဆွေးနွေးပေးသည့် အပြင် ထိုကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်သည့် အပြုအမူများ အတွက် လွယ်ကူ၊ မြန်ဆန်၊ သင့်လျော်သော ကယ်ဆယ်ရေး လုပ်ရှား မှုများကို လုပ်ဆောင်လျက်ရှိပါသည်။ ထို့အပြင် လူ့အခွင့်အရေး ကာကွယ်သည့် ကော်မတီအဖွဲ့ဝင်များနှင့် ဒေသန္တရအစိုးရတို့နှင့် ပူးပေါင်းဆောင်ရွက်ကာ အမျိုးမျိုးသောလူ့အခွင့်အရေးဆိုင်ရာပညာပေး လှုပ်ရှားမှုများကို လုပ်ဆောင်လျက်ရှိပါသည်။

○ **တိုကျိုလူဝင်မှုကြီးကြပ်ရေးဌာန**

ဂျပန်နိုင်ငံတွင်နေထိုင်သော နိုင်ငံခြားသားများနှင့် နိုင်ငံခြားသားများကို အလုပ်ခန့်အပ်လိုသော စီးပွားရေးလုပ်ငန်းရှင်များကို ကြိုတင်ချိန်းဆိုသည့် စနစ်ဖြင့် တစ်ဦးချင်းစီတိုင်ပင်ဆွေးနွေးခြင်းကို လုပ်ဆောင်လျက် ရှိပါသည်။ ထို့အပြင် ဒေသန္တရအများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ အတွက် နိုင်ငံခြားသားများနှင့်စပ်လျဉ်းသည့် တိုင်ပင်ဆွေးနွေးခြင်းနှင့် အကြံဉာဏ်ပေးခြင်းများကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

○ **ဂျပန်နိုင်ငံတရားရေးဆိုင်ရာအထောက်အကူပြုစင်တာ (Houterasu)**

နိုင်ငံအလိုက် ပြဋ္ဌာန်းထားသော ဥပဒေရေးရာပြဿနာများအား ဖြေရှင်းရန်အတွက် "အထွေထွေလမ်းညွှန်မှုစင်တာ" ဖြစ်ပါသည်။ မေးမြန်းစုံစမ်းမည့် အကြောင်းအရာပေါ်မူတည်၍ ဖြေရှင်းပေးနိုင်မည့် ဥပဒေစနစ်နှင့် တိုင်ပင်မေးမြန်းနိုင်သည့်ကောင်တာကို အခမဲ့ ရှင်းပြပေးပါသည်။ ထို့ပြင် ဂျပန်နိုင်ငံတွင် နေရပ်လိပ်စာရှိပြီး ငွေကြေးမတတ်နိုင်သော နိုင်ငံခြားသားများ (ဝင်ငွေဆိုင်ရာ အကန့်အသတ်ရှိ) အတွက် ရှေ့နေများက အခမဲ့ဥပဒေရေးရာအကြံပေးခြင်း၊ ရှေ့နေစရိတ်များ စိုက်ထုတ်ပေးခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိပါသည်။



# FRESC၏ ဖွဲ့စည်းပုံ(၂)


○ **တိုကျိုအလုပ်သမားဌာန နိုင်ငံခြားသားများအထူးတိုင်ပင်ဆွေးနွေးခြင်းနှင့် ထောက်ပံ့မှုရုံး**
နိုင်ငံခြားသားများကို အလုပ်ခန့်အပ်မည့် အလုပ်ရှင်များအား အလုပ်သမားဆိုင်ရာ အခြေခံဥပဒေများနှင့် စည်းမျဉ်းများ၊ အလုပ်သမားစီမံခန့်ခွဲမှု၊ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်းများကို လုပ်ဆောင်ပေးပြီး၊ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ ပညာရှင်များက လာရောက်ပံ့ပိုးပေးခြင်းစသည့် နိုင်ငံခြားသားအလုပ်သမားများ၏ အလုပ်သမားစီမံခန့်ခွဲမှု၊ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုဆိုင်ရာ ကူညီထောက်ပံ့မှုများကို လုပ်ဆောင်လျှက်ရှိပါသည်။ ထို့ပြင် နိုင်ငံခြားသားအလုပ်သမားများအတွက် အလုပ်သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ တိုင်ပင်ဆွေးနွေးပေးလျှက်ရှိပါသည်။


○ **တိုကျိုနိုင်ငံခြားသားအလုပ်အကိုင်ရှာဖွေရေးဝန်ဆောင်မှုစင်တာ**
အဆင့်မြင့်နိုင်ငံခြားသားလူစွမ်းအားအရင်းအမြစ်များ (ပညာတော်သင်ကျောင်းသား၊ ပညာရှင်နှင့် နည်းပညာ ဆိုင်ရာကဏ္ဍ၏ နေထိုင်ခွင့်ဗီဇာ) အား အလုပ်အကိုင်ရေးရာထောက်ပံ့မှုကို ဆောင်ရွက်ပေးသည့် ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အလုပ်အကိုင် တိုင်ပင်ဆွေးနွေးခြင်း၊ အလုပ်မိတ်ဆက်ခြင်း၊ အလုပ်အင်တာဗျူးများကျင်းပပေးခြင်း၊ အလုပ်သင် ခန့်အပ်ခြင်းအပြင် နိုင်ငံခြားသားအလုပ်ခန့်အပ်ခြင်းဆိုင်ရာ သတင်းအချက်အလက်မျှဝေခြင်း၊ တိုင်ပင် ဆွေးနွေးခြင်းများကို အလုပ်ရှင်များအတွက် ကူညီထောက်ပံ့ပေးလျှက်ရှိပါသည်။

○ **နိုင်ငံခြားရေးဝန်ကြီးဌာန ဗီဇာနှင့် သတင်းအချက်အလက်**
ဂျပန်နိုင်ငံသို့ ဝင်ရောက်မည့်ဗီဇာ လျှောက်ထားရာတွင် လိုအပ်သောစာရွက်စာတမ်းများကို ညွှန်ပြပေးခြင်း၊ လျှောက်ထားခြင်းလုပ်ထုံးလုပ်နည်းစသည့် ဗီဇာနှင့်စပ်လျဉ်းသည့် အထွေထွေတိုင်ပင်ဆွေးနွေးမှုများကို လက်ခံဆောင်ရွက် ပေးလျှက်ရှိပါသည်။

○ **Japan External Trade Organization (JETRO)**
အဆင့်မြင့်အသိပညာနှင့် နည်းပညာရှိသည့် နိုင်ငံခြားသားအရင်းအမြစ်များအသုံးပြုမှုများ မြှင့်တင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်၍ "အဆင့်မြင့်နိုင်ငံခြားသားလူစွမ်းအားအရင်းအမြစ် မြှင့်တင်ရေး Platform" ကိုတည်ထောင်ခဲ့ပြီး၊ ဆွေးနွေးပွဲနှင့် Portal Site များမှတဆင့် သတင်းအချက်အလက်မျှဝေခြင်း၊ အဆင့်မြင့်နိုင်ငံခြားသားလူစွမ်းအားအရင်းအမြစ်များကို အသုံးပြုလိုသည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ကူညီထောက်ပံ့ရေးဝန်ဆောင်မှုများကို ပေးလျှက်ရှိပါသည်။

## တိုင်ပင်ဆွေးနွေးမှုကောင်တာများ







# ၂။ မြန်မာနိုင်ငံသားများအတွက်အရေးပေါ် ကယ်ဆယ်ရေးစီမံချက်နှင့် စပ်လျဉ်း၍

# မိခင်နိုင်ငံပြည်တွင်းရေးအခြေအနေများကြောင့် ဂျပန်ပြည်တွင်းရှိ မြန်မာနိုင်ငံသားများအတွက် အရေးပေါ်ကယ်ဆယ်ရေးစီမံချက်

出入国在留管理庁
Immigration Services Agency of Japan

## ပဋိပက္ခ-တုံ့ပြန်မှုမူဝါဒ

- မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် စစ်တပ်က အာဏာသိမ်းခြင်းဖြစ်ပွားခဲ့ပြီး၊ ဒေသ အသီးသီးတွင် သပိတ်မှောက်မှုများစွာ ဖြစ်ပေါ်လျှက်ရှိသည်။ စစ်တပ်နှင့်ရဲ တို့၏ ပစ်ခတ်မှုများကြောင့် ပြည်သူအများ သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျှက်ရှိကာ၊ သပိတ်များတွင် ပါဝင်မှုမရှိသော ရပ်ကွက်နေပြည်သူများကိုလည်း အကြမ်းဖက်မှုများရှိနေကြောင်း သိရှိရပြီး၊ ဆက်လက်၍ မည်ကဲ့သို့သောအနေအထားရှိလာမည်မှာ မှန်းဆ၍မရသော အခြေအနေဖြစ်သည်။
- ထို့ကြောင့် မြန်မာနိုင်ငံ၏ မတည်ငြိမ်သောအခြေအနေအကြောင်းအရင်းများကြောင့် ဂျပန်နိုင်ငံတွင် ဆက်လက်နေထိုင်လိုသော မြန်မာလူမျိုးများအား အရေးပေါ်ကယ်ဆယ်ရေး အစီအမံ အနေဖြင့် နေထိုင်ခွင့်နှင့် အလုပ်လုပ်ခွင့်များကို အသိအမှတ်ပြုလိုက်သည်။
- ထို့အပြင် နိုင်ငံရေးဒုက္ခသည်အဖြစ်လျှောက်ထားခြင်းနှင့် စပ်လျဥ်း၍ စိစစ်မှုများကို မြန်ဆန်စွာ ဆောင်ရွက်ကာ နိုင်ငံရေးဒုက္ခသည်အဖြစ်အသိအမှတ်ပြုသင့်သည့် အချက်များနှင့် ကိုက်ညီပါက သင့်လျော်သည့်အတိုင်း အသိအမှတ်ပြု၍၊ ကိုက်ညီမှုမရှိဘဲ အသိအမှတ်မပြုခံရပါကလည်း အထက်ပါအတိုင်း အရေးပေါ်ကယ်ဆယ်ရေးအစီအမံဖြင့် နေထိုင်ခွင့်နှင့် အလုပ်လုပ်ခွင့်များကို အသိအမှတ်ပြုလိုက်သည်။

### နေထိုင်သည့် မြန်မာလူမျိုးဦးရေအခြေအနေ

ဂျပန်ရှိမြန်မာလူမျိုးအရေအတွက်-၃၅၀၄၉ဦး
(၂၀၂၀ခုနှစ် - ခန့်မှန်းတွက်ချက်ဦးရေ)

(အသေးစိတ် - ဗီဇာအမျိုးအစားအလိုက် နေထိုင်ဦးရေအမြင့်ဆုံး မှ အစဉ်လိုက် )
အလုပ်သင် - ၁၃၉၆၃ဦး
နည်းပညာ အသိပညာ / နိုင်ငံတကာစီးပွားရေးဝန်ထမ်း - ၅၇၆၇ဦး
ပညာသင် - ၄၃၇၁ ဦး
တိုခုတေးခဇုတို(Tokuteikatsudou)-၃၃၅၈ ဦး

### မြန်မာလူမျိုးနိုင်ငံရေးခိုလှုံခွင့်တောင်းခံထားမှုအခြေအနေ

နိုင်ငံရေးခိုလှုံခွင့်တောင်းသူဦးရေ-၂၉၄၄ဦး
(၂၀၂၁ခုနှစ်-ခန့်မှန်းတွက်ချက်ဦးရေ)
(မာတိကာ)
နိုင်ငံရေးခိုလှုံခွင့်ဗီဇာတင်ထားသူ (ပထမအကြိမ်စစ်ဆေး)-၂၂၉၁ဦး
အယူခံတင်ထားသူ-၆၅၃ဦး

### ခွင့်ပြုပေးသွားမည့်နေထိုင်ခွင့်အမျိုးအစား

- <u>လက်ရှိနေထိုင်ခွင့်ဗီဇာ သက်တမ်းကုန်ဆုံးပြီး</u> ဆက်လက်နေထိုင်လိုသူများ
- <u>ရှောင်လွှဲ၍မရသည့်အကြောင်းအရင်းများကြောင့်</u> လက်ရှိနေထိုင်ခွင့်ဗီဇာ သက်တမ်းမကုန်ဆုံးသေးဘဲ ဆက်လက်နေထိုင်လိုသူများ

→ 「Designated Activities ( Tokuteikatsudou ) (နေထိုင်ခွင့်၆လ၊ အလုပ်လုပ်ခွင့်ရှိ)」

※ နိုင်ငံရေးအခြေအနေမတည်ငြိမ်သေးပါက ဆက်လက်သက်တမ်းတိုးနိုင်သည်။

→ အထူးကျွမ်းကျင် လုပ်ငန်းများတွင် လိုအပ်သော ကျွမ်းကျင်မှုစွမ်းရည်ကို သင်ယူလိုသော သူများ

→ 「Designated Activities ( Tokuteikatsudou ) (နေထိုင်ခွင့် ၁ နှစ်၊ အလုပ်လုပ်ခွင့်ရှိ)」

※သတ်မှတ်ထားသော လုပ်ငန်းကဏ္ဍများ (ဘိုးဘွား စောင့်ရှောက်ရေး၊ စိုက်ပျိုးရေးစသည့် လုပ်ငန်း၁၄ ခု) တွင် အလုပ်လုပ်ကိုင်နိုင်သည်။
※နိုင်ငံရေးအခြေအနေမတည်ငြိမ်သေးပါက နေထိုင်ခွင့်၆လအထိ ဆက်လက်သက်တမ်းတိုးနိုင်သည်။

- <u>မိမိ၏အခက်အခဲကြောင့်</u> လက်ရှိနေထိုင်ခွင့်ဗီဇာ သက်တမ်းမကုန်ဆုံးသေးဘဲ ဆက်လက်နေထိုင်လိုသူများ

→ 「Designated Activities ( Tokuteikatsudou ) (နေထိုင်ခွင့်၆လ၊ တစ်ပတ် ၂၈နာရီအထိအလုပ်လုပ်ခွင့်ရှိ)」

※ နိုင်ငံရေးအခြေအနေမတည်ငြိမ်သေးပါက ဆက်လက်သက်တမ်းတိုးနိုင်သည်။